မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

1373 cEpf u qefvjynfausmf7 &uf 2011 cEpf ar 24 &uf t*gae? twG(50)? trwf(231)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

လာအိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီလာဟတ်ဆိုင်ရာလတ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ သီယရီ မာသူအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

jynaxmiporwjrermEiiawm Eiiawmorw 0;oe;pex

jyioporwEii otrwBu; cetyvmay;ty

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာသီယရီမာသူသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ ***စာမျက်နှာ ၃ ကော်လံ ၁●***

မြန်မာ့အလင်း — အယ်ဒီတာ့ အာဘော် (၂၀၁၁ ခုနှစ် မေ ၂၄ ရက်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအောင်မြင်ရေး ကြိုးပမ်းစွမ်းဆောင်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ယနေ့အချိန်တွင် နိုင်ငံတကာ၌ ရေပန်းစားနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ပြည်ပခရီးသွားကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အခါ နိုင်ငံတစ်ဝန်း၌ ပို့ဆောင်ရေးလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာသည့်အလျောက် ခရီးသွားလုပ်ငန်းများသည်လည်း တွင်ကျယ်လာခဲ့ပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းများအောင်မြင်တိုးတက်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေထိုင်စားသောက်ရေးအတွက် ဝန်ဆောင်မှုကောင်းကောင်း ပေးနိုင်ရမည်ဖြစ်သည်။ ဟိုတယ်လုပ်ငန်းဆိုင်ရာများတွင် ဝန်ဆောင်မှုကောင်းရန် လိုအပ်သကဲ့သို့ ခရီးသွားလုပ်ငန်းများအတွက် ဝန်ဆောင်မှုကောင်းရန်လည်း လိုအပ်သည်။ ဟိုတယ်ဝန်ထမ်းတိုင်းသည် လုပ်ငန်းကျွမ်းကျင်သူများဖြစ်ရန် အရေးကြီးသည့်အလျောက် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးမြင့်မားသည့်သူများ ထားရှိပါက ဟိုတယ်လုပ်ငန်းများ အောင်မြင်တိုးတက်မည် ဖြစ်သည်။ အလားတူ ခရီးသွားလုပ်ငန်းများတွင်လည်း ခရီးသည်များ စိတ်ကျေနပ်မှုရရှိရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းတွင် အရည်အသွေးမြင့်မားသူများကို ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများနှင့် အနုပညာလက်ရာများသည် ခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားမှုတစ်ခုဖြစ်သည်။ နိုင်ငံအတွင်းရှိ သဘာဝဖြစ်တည်လျက်ရှိသည့် သဘာဝကမ်းခြေများသည် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေရန်ကောင်းသော နေရာများဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလုံခြုံမှု၏ ပြယုဂ်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်သွက်လက်ထက်မြက်သော ဟိုတယ်နှင့်ခရီးသွားဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးသွားပါက ချစ်စရာကောင်းသည့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေမှုများသည် ခရီးသွားဧည့်သည်များအတွက် ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်မည်ဖြစ်ကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည်လည်း စီးပွားဖြစ် ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နွေရာသီဘောလုံးနှင့် လက်ဝှေ့အားကစားသင်တန်းဆင်းပွဲကို မေ ၁၁ ရက်က ရွာမအနောက် ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက သင်တန်းတွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အမျိုးသမီးအိမ်တွင်းမှုကျောင်း သင်တန်းများ မိုင်းဆတ်မြို့နယ်၌ဖွင့်

မိုင်းဆတ် မေ ၂၃

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၂)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ သင်တန်းကျောင်းခန်းမ၌ မေ ၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညို့က အခြေခံအိမ်တွင်းမှု သင်တန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းခတ်မြို့နယ်များမှ သင်တန်းသူ ၂၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းတွင် အမျိုးသမီးများဘဝ ရေရှည်ရေးနှင့် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများတွင် အထောက်အကူပြုမည့် အိမ်တွင်းမှု ပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အာဆီယံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် အာဆီယံ စစ်တုရင်တစ်ဦးချင်းပြိုင်ပွဲကို မေ ၂၅ ရက်မှ ဇွန် ၂ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပထမဦးဆုံးအကြိမ်

အာဆီယံစစ်တုရင်ကစားနည်းကို ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (စစ်တုရင်အဖွဲ့ချုပ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အဘိတ်ဆေးခတ်ပေး

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ဗိုလ်မင်းသိမ်းရပ်ကွက်ရှိ သောက်ရေ ကန်များ၌ အဘိတ်ဆေး ခတ်ပေးစဉ်။ (သတင်းစဉ်)

trsdK;om;ywfeef;usifoefYSa&;vIyfSrI&ufowåywf(2011)

ပဲခူးတိုင်းဒေသကြီး၌ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၂၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဝမ်းပျက် ဝမ်းလျှော ရောဂါဖြစ်ပွားမှု ပပျောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သန့်လေးသန့် လုပ်ငန်းကို လူတိုင်းသိရှိသဘောပေါက် လိုက်နာဆောင်ရွက်ကြစေရန်၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး(၅)ရပ်မှ အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူလူထုက ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ ပြုမူကျင့်ကြံလာစေရန်နှင့် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကျေးလက်အောက်ခြေ အရောက် ကွင်းဆင်း ဟောပြောပညာပေးရန် တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဗိုလ်မင်းသိမ်းရပ်ကွက်အတွင်းရှိ သောက်ရေကန်များ၌ (ABATE) အဘိတ်ဆေးနှင့် ရေတွင်းများ၌ ကလိုရင်းဆေးများ ခတ်ပေးပြီး ရပ်ကွက်အတွင်း ခြင်ကာကွယ်ဆေး မှုတ်နေမှုများ၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် ပန်းခြံမြေယာရှင်းအလှပြုပြင်ခြင်းကို မေ ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ သီယရီ မာသူက ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် မောင်သာလွန်း ကျေးရွာ မြေသား ရေလှောင်ကန် တူးဖော်နေမှုကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့) (သတင်းစဉ်)

နိုင်ငံတကာအရည်အသွေးမီ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက် ဝန်ထမ်းများ လုပ်ငန်းအခွင့်အလမ်းသစ်များ ကြံဆဖော်ဆောင်

နေပြည်တော် မေ ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သည် ပြည်တွင်းမှထွက်ရှိသော ရေနံများကို ချက်လုပ်၍ ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ၁၉၄၇ ခုနှစ်မှ ယနေ့အထိ ချက်လုပ်ပေးလျက်ရှိရာ စက်ရုံသက်တမ်းကြာလာသည်နှင့်အမျှ ထုတ်လုပ်မှုစွမ်းရည် ထိန်းသိမ်းနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့်အတူ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ဝင်းအတွင်းရှိ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဆိပ်ကမ်း၌ သိုလှောင်ဖြန့်ဖြူးနိုင်မှု အခြေအနေနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှ တင်သွင်းပြီး ပြည်တွင်းတွင် ဖြန့်ဖြူးပေးနိုင်ရေး အတွက် သိုလှောင်ကန်များ မျှဝေသုံးစွဲရန် ခွင့်ပြုပေးနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အခြေစိုက်စခန်း

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ကမ်းလွန်ရေနံ အခြေစိုက်စခန်း သာကေတသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းကဲ့သို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကမ်းလွန်လုပ်ကွက်များတွင် အကျိုးတူဆောင်ရွက်နေသော ပြည်ပကုမ္ပဏီများစွာရှိပြီး ယင်းကုမ္ပဏီများအတွက် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများရှိ ဆိပ်ကမ်းများ၌ သွားရောက်လုပ်ကိုင်နေကြသဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေရရှိနိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ လက်ဝယ်ရှိနှင့်ပြီးဖြစ်သော မြေနေရာနှင့် အခြေခံအဆောက်အအုံများပေါ်တွင် ထိုက်သင့်သည့် အရင်းအနှီးနှင့် ယာဉ်၊ ယန္တရားများ ဖြည့်တင်း၍ နိုင်ငံတကာ အရည်အသွေးမီ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါက အကျိုးအမြတ်များစွာ ဖြစ်ထွန်းလာနိုင်သဖြင့် ဝန်ထမ်းများက လုပ်ငန်းအခွင့်အလမ်းသစ်များ ကြံဆဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ဝန်ဆောင်မှု

သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်းသည် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ရေနံလုပ်ငန်းများတွင် ဝန်ဆောင်မှု အမျိုးမျိုးကို ဆောင်ရွက်ပေးနေသည့် တစ်ခုတည်းသော အခြေစိုက်စခန်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နောက်ဆုံးရ နိုင်ငံတကာသတင်း

ပေါက်မြို့နယ်၌ ရေပြာနှင့် အုန်းတောတံတားများ တည်ဆောက်ပြီးစီး

ဒေသခံခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ

ပေါက် မေ ၂၃

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နေ့/ည စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မင်းတပ်-မတူပီ-ပေါက်-ပခုက္ကူ လမ်းမပေါ်ရှိ အမှတ်(၁)ပေါက်တံတား (အုန်းတော) လမ်းနှင့် တံတားကို အဆောက်အအုံ အထူးအဖွဲ့(၅)မှ အင်ဂျင်နီယာများ၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးပိုင် (မြို့ပြ) နှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ယင်းလမ်းနှင့်တံတားမှာ မေ ၁၅ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ အလားတူ ပေါက်မြို့နယ်အတွင်း ဂီရိမုန်တိုင်းကြောင့် ပျက်စီးသွားသော ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ အမှတ် (၂) ပေါက်တံတား (ရေပြာ) လမ်းနှင့် တံတားကို အဆောက်အအုံ အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့် (မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်း (မြို့ပြ)နှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယင်းလမ်းနှင့် တံတားကို မတ် ၂၇ ရက်က ပြီးစီးခဲ့ကြောင်း သိရှိရသည်။

သွားလာနိုင်

ယခုအခါ အဆိုပါလမ်းနှင့် တံတားနှစ်စင်း ပြီးစီးသွားသည့်အတွက် ချင်းပြည်နယ်မှ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များ၊ ဂန့်ဂေါခရိုင်မှ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ဆောမြို့များ၊ ပခုက္ကူခရိုင်အတွင်းရှိ ပေါက်မြို့နယ်နှင့် အခြားမြို့နယ်များမှ ခရီးသွားပြည်သူများ ရာသီမရွေး သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အုန်းတောတံတား

မေ ၁၅ရက်က တည်ဆောက်ပြီးစီးခဲ့သော မင်းတပ်-မတူပီ-ပေါက်-ပခုက္ကူ လမ်းပေါ်ရှိ အုန်းတောတံတားကို တွေ့ရစဉ်။

မေ ၂၁ ရက်က ဖခင်ကြီး ဦးစန်းလှိုင်အား ရည်စူး၍ မိခင်ကြီးဒေါ်လှမြင့်ကိုအမှူးထားပြီး ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ မောင်နှမတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌အသုံးပြုရန် သံဃာငါးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရို ငါးစုံအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ကျွဲ၊ နွား ကူးစက်ရောဂါ ကာကွယ်ရေး ဝက်လက်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ဝက်လက် မေ ၂၃

ဝက်လက်မြို့နယ်၌ ကျွဲ၊ နွားကူးစက်ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဟောပြောခြင်း ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ သန်းထိုက်နှင့် ရွှေဘိုခရိုင် ဦးစီးမှူး ဒေါက်တာ သန်းနိုင်တို့သည် ဝက်လက်မြို့နယ် မူးကြီးရွာ၌ မြို့နယ်ဦးစီးမှူး ဒေါက်တာ စောလှနှင့် ဒုတိယဦးစီးမှူးများ ကျွဲ၊ နွား ပေါင်ပုပ် လက်ပုပ်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးခြင်းကို ကွင်းဆင်းစစ်ဆေးကြသည်။

ပညာပေးဟောပြော

ထို့နောက် မူးကြီးရွာ အမက ကျောင်းဆောင်၌ ကျေးရွာပြည်သူများအား တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ သန်းထိုက်က ကျွဲ၊ နွား ကူးစက်ရောဂါ၊ ဒေါက်တာ သန်းနိုင်က ကြက်ငှက်တုပ်ကွေးရောဂါ၊ ဒေါက်တာ စောလှက ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါများအကြောင်းကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် မွေး/ ကုဦးစီးဌာန)**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြစည်းခုံလမ်း (မြို့မဈေးအနောက်ဘက်) အုတ်ရေမြောင်းစီခြင်းလုပ်ငန်းကို မေ ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၆။	မျိုးချစ်တပ်မတော်
၄:၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၂၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅	၉။	အင်္ဂလိပ်စာသုတ
၄:၅၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၁၁။	မီးသတိပေးနိုးဆော်ချက်
၅:၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၄)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၁၅	၁၆။	ဘောလုံးဟာသနှင့်ဂန္ထဝင်ဂိုး (၅၀)
၆:၂၅	၁၇။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၁၂)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	မွေးမြူသုတ
	၂၅။	ဟာသရုပ်စုံ
	၂၆။	သီချင်းလက်ဆောင်
	၂၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၁၇)
	၂၉။	Mini Series

မေ ၂၃ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၇ ဒသမ ၃၄
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၂
၃။	ရွှေ	တစ်အောင်စ	၁၅၁၀ ဒသမ ၆၄
၄။	ငွေ	တစ်အောင်စ	၃၄ ဒသမ ၇၇
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၀၂
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

မေ ၂၃ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၆၅၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၂၄၀၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၅၉၀၀၀၀

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရ

ဟောဘေး မေ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် မေ ၂၂ ရက် ညနေက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၃ ရက်၌ ပြောကြားသည်။

ယာဉ်တိုက်မှုမှာ တန့်ယန်းဒေသ ကျန်ကျိုမြို့တွင် ယင်းနေ့ ညနေ ၅နာရီခန့်၌ တောင်မှမြောက်သို့ မောင်းနှင်လာသည့် အဝေးပြေးထရပ်ကား တစ်စီးသည် မျက်နှာချင်းဆိုင်မှ မှန်လုံဇိမ်ခံကားတစ်စီးနှင့်ခေါင်းချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

ပြောကြား

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အမြန်ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသူများ၏ ဒဏ်ရာသည် ပြင်းထန်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ရခြင်း အကြောင်းအရင်းကို စုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

ဖိလစ်ပိုင်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့၌ ငလျင်များလှုပ်

မနီလာ မေ ၂၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မေ ၂၃ ရက် နံနက်က ငလျင်နှစ်ခုလှုပ်သွားကြောင်း မြေငလျင်လေ့လာရေးဌာနက ပြောကြားသည်။

ဗဟိုပြု

နိုင်ငံမြောက်ပိုင်း မန်ဒိုဂိုဒေသအနီးရှိ ပင်လယ်ပြင်တွင် ရေအောက် ၁၁၇ ကီလိုမီတာအနက်ကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၈ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခု လှုပ်ခဲ့သည်။ မေ ၂၃ ရက် နံနက် ၀၀:၄၂ နာရီတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်တွင် နိုင်ငံတောင်ပိုင်း မန်ဒန်နာဒေသ ဆန်တိုစ်မြို့အနီးရှိ ပင်လယ်ပြင်တွင်လည်း ၅ ဒသမ ၃ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခဲ့သည်။ ယင်းငလျင်သည် ရေအောက်အနက် ၁၃၉ ကီလိုမီတာတွင် ဗဟိုပြုခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ဖခင်တစ်ဦး ကလေးကို ကားထဲမေ့ထားမိ ဆေးရုံသို့ပို့သော်လည်း သေဆုံးခဲ့

အန်ကိုနာ မေ ၂၃

အီတလီနိုင်ငံတွင် ဖခင်တစ်ဦးက ၄င်း၏ လမ်းလျှောက်တတ်စကလေးကို ကားအတွင်းမေ့လျော့ပြီး ထားခဲ့မိရာမှ ကလေးငယ်သေဆုံးခဲ့မှုဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းတွင် မေ ၂၂ရက်က ဖော်ပြသည်။

ပြောကြား

တီရှစ္စာန်ဆေးကုပါမောက္ခတစ်ဦးဖြစ်သူ လူစီယိုပက်ထရစ်သည် မေ ၁၈ ရက်က အလုပ်သို့လာရာလမ်းတွင် သမီးဖြစ်သူအဲလ်လီနာကို ကလေးထိန်းဌာန၌ ဝင်ရောက်ထားခဲ့မိသည်ဟုပင် ထင်မှတ်မှားခဲ့ပြီး အလုပ်ပြီး၍ ပြန်လာမှကားအတွင်း အသက်ငွေ့ငွေ့သာရှိတော့သည့် သမီးငယ်အဲလ်လီနာလေးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှ အထိတ်တလန့်ဖြစ်ကာ အရေးပေါ်ကားကို ခေါ်ခဲ့ရသည်။ ဆရာဝန်များက ကလေး၏ အသက်ကို ကယ်တင်ရန် ကြိုးစားခဲ့ကြသည်။ ပူလောင်သည့် ကားအတွင်း ငါးနာရီကြာမျှ ပိတ်မိနေခဲ့သည့် ၂၂ လ သမီးလေးမှာ ဦးနှောက်ရောင်ရမ်းမှုဖြစ်ပွားခဲ့ပြီး သုံးရက်မြောက်နေ့တွင် သေဆုံးသွားခဲ့သည်ဟု ဆရာဝန်များက ပြောကြားခဲ့သည်။ *(အင်တာနက်)*

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅) ရက်မှ (၃၁) ရက်ထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

နေပြည်တော် မေ ၂၃

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများအနက် ပညာရေးကဏ္ဍသည် အခြေခံကျပြီး အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယခုပေးအပ်သည့် ပညာသင်စရိတ် ချီးမြှင့်ငွေသည် ပြီးပြည့်စုံသည့် ပံ့ပိုးမှုမဟုတ်သော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပြီး စေတနာသာ အဓိကဖြစ်သည်ဟု ပြောကြားလိုကြောင်းဖြင့် မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် **(အပေါ်ပုံ)** က ပြောကြားသည်။

ထည့်သွင်းဆွေးနွေး

ထို့နောက် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားမှုနှင့် ပတ်သက်၍ အသိတရားရှိရှိဖြင့် ငယ်စဉ်ကာလ ကျောင်းသားဘဝတွင် အချိန်ကို လေးစားတန်ဖိုးထားပြီး ကြိုးစားသွားကြစေလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်သည့် လူငယ်၊ လူကောင်း၊ လူတော်များ၏ ပခုံးထက်တွင် တည်ရှိနေသောကြောင့် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ပါဝင်လျက်ရှိသည့် လူ့အဖွဲ့အစည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အခြေခံကျသည့် အရင်းခံ အကြောင်းတရားသည် ပညာရေးအခြေခံ ခိုင်မာကောင်းမွန်ရန်ပင်ဖြစ်ကြောင်းဖြင့် ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဝန်ထမ်းသားသမီး အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တာဝန်ရှိသူများက ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ပေးအပ်ချီးမြှင့်ခဲ့

ယနေ့ကျင်းပသည့် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူ ၂၂၉၁ ဦးတို့အတွက် ပညာသင်

နေပြည်တော် မေ ၂၃

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၅ ရက် ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အာဆီယံဒေသတွင်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်တွေ့ဆုံ၍ ဒေသတွင်းကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ပြီး မေ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသော (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြောကြား

ညီလာခံတွင် သဘာပတိ ဆိုက်ပရပ်စ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Christos Patsalides နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်တွင် The Global Fund မှ Executive Director, Professor Michel Kazatchkine နှင့် လည်းကောင်း၊ Medicins Sans Frontieres (MSF) မှ Policy and Adbocacy Officer, Mr. Emmanuel Tran နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံပြီး အဓိကရောဂါကြီးသုံးမျိုး ကာကွယ်တားဆီးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသည့် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာ

နေပြည်တော် မေ ၂၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သည့်အဖွဲ့

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့မှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီး အားကစားသမားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၄-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ **တက္ကစီမီတာသင်လိုရာ**
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၂၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၃၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၄၅ ၁၀။ နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်း
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၄)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ရယ်စရာဟာသများ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ** (အပိုင်း-၃၁)
- ၂၁။ အစီအစဉ်ပြီး၏။

ဓာတ်အားပေးစက်ရုံများရှိ တာဘိုင်စက်များ ကောင်းမွန်ရေးဆောင်ရွက်

စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး လိုအပ်ချက်များကြိုတင်ပြင်ဆင်

ရန်ကုန် မေ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်း အလုံဘက်ကမ်းရှိ R.C.S.2 တာဝါတိုင် တည်ဆောက်ပြီးစီးမှုနှင့် ခနောင်တိုဘက်ကမ်းရှိ R.C.S.1 တာဝါတိုင် တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ **(အပေါ်ပုံ)** အလုံ ဓာတ်အားပေးစက်ရုံ Control Room အတွင်း၌ တာဘိုင်စက်များ မောင်းနှင်နေမှု၊ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဖြန့်ဖြူးထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဓာတ်အားပေးစက်ရုံ လေးရုံရှိ တာဘိုင်စက်များအား အစဉ်ကြံခိုင် ကောင်းမွန်အောင် ဆောင်ရွက်ထားရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်နိုင်ရေး လိုအပ်ချက်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရန်၊ အဂတိတရားလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်း၍ မိမိလုပ်ငန်းတာဝန်ကို တိကျမှန်ကန်ကောင်းမွန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စည်းကမ်းရှိရှိလေ့ကျင့်ဆောင်ရွက်

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့သို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရန် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောအသင်းများ၏ လက်ရည်စမ်းယှဉ်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တွင် ၂၀၁၀ခုနှစ် ဩဂုတ်လမှစတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဘတ်စကက်ဘော အမျိုးသားအသင်းနှင့် တပ်မတော်(ရေ)အမျိုးသားအသင်း၊ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘတ်စကက်ဘော(အဖြူရောင်)အသင်းနှင့် (အဝါရောင်)အသင်းများ လက်ရည်စမ်းယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံ့ဂုဏ်ဆောင်

ပြည်ထောင်စု ဝန်ကြီးသည် လက်ရည်စမ်း ယှဉ်ပြိုင်ပွဲများအပြီးတွင် ပဏာမ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စည်းကမ်းရှိရှိနှင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်ရန်၊ နိုင်ငံခြားနည်းပြငှားရမ်းလေ့ကျင့်ရန်၊ တရုတ်နိုင်ငံသို့ Joint Training သွားရောက်လေ့ကျင့်ရန်၊ အားကစားသမားများအား အာဟာရပြည့်ဝစွာ ကျွေးမွေးရန်နှင့် သက်သာချောင်ချိရေးကိစ္စရပ်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံး ကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံးကိုယ်စားလှယ် Mr.Georges Paclisanu သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံခဲ့သည်။

ဆွေးနွေးပြောကြား

ထိုသို့တွေ့ဆုံရာ၌ အိုင်စီအာစီနှင့် မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်နေသော ခြေတုလက်တုလုပ်ငန်းများအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ ရေနှင့် ရေသန့်စင်စနစ် ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် နောင်တွင်ပူးပေါင်းဆောင်ရွက်နိုင်သော အခန်းကဏ္ဍများကိုလည်း ဆက်လက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံး ကိုယ်စားလှယ် Mr.Georges Paclisanu လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော်   မေ ၂၃

'wd,wyfawmfumuG,a&;0;p;csyf umuG,a&;0;p;csyf (unf) 'wd,AdkvfcsKyfBu;pdk;0ifu b*vm;a'&fjynfol orwEdkif b*vm;a'&f unfwyf0;p;csyf General MD ABDUL MUBEEN, ndc, psc tm; *Pfjyuddkqdkonf tcrf tem;udk,ae eeuf9 em&D 45 rdepfwGf aejynfawmf&dS aZ,mo&dkdmef&dS u if;yonf

ကြိုဆိုနှုတ်ဆက်

b*vm;a'&f unfwyf0;p;csyfonf*Pfjyuddkqdktcrf tem;odkwuf a&mufcJhef acwwnfcdkonf [dkw,f aZ,mo&dkdmefodkarmfawmf,m0fjzif a&mufcJhm&m aZ,mo&dkdmef a&mufcJh 'wd,wyfawmfumuG,a&;0;p;csyfu &ifa&;cifpGmuddkqdkEwfqufonf

xdkaemuf 'wd,wyfawmf umuG,a&;0;p;csyfEifb*vm;a'&f unfwyf0;p;csyfwdkonf *Pfjywyfzdk tav;jyjcifudkc,&ef tav;jycpifrifodkoG;a&mufuJ,; *PfjywyfzdkG tav;jyjcifudkc,uonf

အလေးပြုခြင်းကိုခံယူ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် **General MD ABDUL MUBEEN, ndc, psc** တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(owif;p0f)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော်   မေ ၂၃

'wd,wyfawmfumuG,a&;0;p;csyfumuG,a&;0;p;csyf (unf) 'wd,AdkvfcsKyfBu;pdk;0ifonf b*vm;a'&fjynfolorwEdkif b*vm;a'&f unfwyf0;p;csyfGeneral MD ABDUL MUBEEN, ndc,psc 0;aqmifaom udk,fpm;v,ftzGJ0if,aeeeuf 10em&DwGf aejynfawmf&dS aZ,mo&dkdmef awGqHkonf(အပေါ်ပုံ)

xdkodkawGqH&müi 'wd,wyfawmfumuG,a&; 0;p;csyfEiftw umuG,a&;0efBu;Xmer 'wd,AdkvfcsKyfBu;vaX;0ifEifwyfawmf t&m&dS;rsm; wuf&mufuJ,; b*vm;a'&f unfwyf0;p;csyf 0;aqmifaomudk,fpm;v,ftzGJ0iftwjynfaxmifpkorwjrefrmEdkifawmfqdkif&m b*vm;a'&fjynfolorwEdkif o½;r ppfor;vnf wuf&mufonf

(owif;p0f)

စစ်ဆေး

,if;aemuf'wd,wyfawmf umuG,a&;0;p;csyfEifb*vm; a'&f unfwyf0;p;csyfwdkonf *PfjywyfzGJudkppfaq;uonf

မိတ်ဆက်ပေး

xdkaemuf 'wd,wyfawmf umuG,a&; 0;p;csyftm; b*vm;a'&f unfwyf0;p;csyf u 4if;Eiftw vdkufygvmonf udk,fpm;v,f tzGJ0ifrsm;Eif rdwfquf ay;onf

qufvuf 'wd,wyfawmf umuG,a&;0;p;csyfu vnf; 4if;Eiftw Budkqdkwfqufu onf umuG,a&;0efBu;Xmer 'wd,AdkvfcsKyfBu; vaX;0ifEif wyfawmf t&m&dS;rsm;Eif jyefvnfrdwfquf ay;onf

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့

ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန်   မေ ၂၃

b*vm;a'&f unfwyf0;p;csyf General Muhammad Abdul Mubeen, ndc, psc Eif Z,; 0;aqmifaom avvma&; udk,fpm;v,ftzGJonf jrefrmEdkifü vnfvnfavvm&efar 22 &uf naeydkif;wGif avaMumif;c&;jzif&efukef&dkxdkb a&mufvm&m &efukef wdkif;a'oBu;ppfXmecsKyfwdkif;rl; Adkvfrl;csKyfxGef;oef;Eif Z,; jynfaxmifpkorwjrefrmEdkifawmfqdkif&m b*vm;a'&fjynfolorwEdkif o trwfu; H.E.Maj. Gen Anub Kumar Chakma, ndc, psc Eif Z,; ppfor;rl; Brig. Gen Md. Shahidul Haque, ndc, psc Eif Z,;EifwmOef&dSorm;u &efukef tjynfjynfqdkif&m avqdyfü BudkqdkEwfqufuonf

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများ၌ ထစ်ချုန်းမှုပိုလာနိုင်

aejynfawmf ar 23

